အတွဲ - ၁၊ အမှတ်-၃၊ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ။

MPRL E&P Pte Ltd.

မန်းရေနံမြေဒေသဖွံ့ဖြိုးရေး CSR လုပ်ငန်းဆောင်ရွက်ချက်များ

# တို့မန်းမြေ သတင်းလွှာ

## မန်းရေနံမြေဒေသခံများအတွက် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် ပြန်လည်စတင်

MPRL E&P သည် မန်းရေနံမြေ ဒေသခံများအတွက် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ



ဆောင်ရွက်ရာတွင် ဒေသခံလူငယ်များ အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို သင်ယူခွင့်ရရှိနိုင်ရန် ဒေသတွင်း ပညာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော်လည်း ၂၀၂၀ခုနှစ်၊ ဧပြီလမှ စတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ တားဆီး၊ ထိန်းချုပ်ရေးစီမံချက်များကို ပူးပေါင်းလိုက်နာသည့်အနေဖြင့် အဆိုပါ အစီအစဉ်များကို ယာယီရပ်နားခဲ့ရာ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းပြန်လည်စတင်ခဲ့သည်။

MPRL E&P သည် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွင်း မန်းရေနံမြေဒေသခံလူငယ်များ အသက်မွေးဝမ်းကျောင်း



သင်တန်းများ တက်ရောက်သင်ယူနိုင်ရန် အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး)၊ စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ)၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ သင်တန်းများ ပို့ချလျက်ရှိသည့် ရောဝတီသင်တန်းကျောင်း (မင်းဘူး) တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ စာမျက်နှာ - ၅ ➤

## နေကြာပန်းဝတ်မှုန်ကူးခြင်း သရုပ်ပြအစီအစဉ် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့် MPRL E&P (CSR အစီအစဉ်) တို့ ပူးပေါင်းဆောင်ရွက်



MPRL E&P သည် မန်းရေနံမြေဒေသဖွံ့ဖြိုးရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး) နှင့် တောင်သူသင်တန်းကျောင်း အစီအစဉ်အနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အဆိုပါအစီအစဉ်၏ ကဏ္ဍတစ်ရပ်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ်ကို အသုံးပြု၍ နေကြာပန်းဝတ်မှုန်ကူးခြင်း သရုပ်ပြအစီအစဉ်ကို မန်းရေနံမြေထိစပ် ကျေးရွာတစ်ခုဖြစ်သည့် ကျွဲချကျေးရွာတွင် ဒီဇင်ဘာလ (၂၉) ရက်နေ့က ပြုလုပ်ခဲ့သည်။

အဆိုပါ သရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး) မှ ကွင်းဆင်းဝန်ထမ်း (၇) ဦးက နေကြာပန်းဝတ်မှုန်ကူးခြင်းအစီအစဉ်ကို သရုပ်ပြသခဲ့ပြီး ဒေသခံတောင်သူ (၃၀) ဦးက လက်တွေ့လေ့လာ သင်ယူခဲ့သည်။

ကျောဖုံးသို့ ➤



# မန်းဒေသခံတောင်သူများအတွက် စိုက်ပျိုးရေး အသိပညာပေးသင်တန်းများပံ့ပိုး

MPRL E&P သည် မန်းရေနံမြေဒေသခံများ၏ အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး) ၏ အနီးကပ် ကြီးကြပ်လမ်းညွှန်မှုနှင့်အတူ အခြားပုဂ္ဂလိက ကျွမ်းကျင်ပညာရှင်များနှင့်ပါ ပူးပေါင်း၍ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းများကို စီစဉ်ပံ့ပိုးပေးလျက်ရှိသည်။



## နေကြာနှင့် ကုလားပဲ စိုက်ပျိုးထုတ်လုပ်နည်းဆိုင်ရာ အသိပညာမျှဝေခြင်း

MPRL E&P (CSR အစီအစဉ်) နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး) တို့ ပူးပေါင်း၍ နေကြာနှင့်ကုလားပဲ စိုက်ပျိုးထုတ်လုပ်နည်းဆိုင်ရာ အသိပညာမျှဝေခြင်း အစီအစဉ်များကို မန်းကျိုးနှင့် အောက်ကျောင်းကျေးရွာများ၌ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလအတွင်း ပြုလုပ်ခဲ့သည်။

အဆိုပါနေကြာစိုက်ပျိုးထုတ်လုပ်နည်းဆိုင်ရာ အသိပညာပေး အစီအစဉ်သို့ ဒေသခံတောင်သူ (၅၆) ဦး တက်ရောက်



ခဲ့ပြီး ကုလားပဲစိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး အစီအစဉ်သို့ ဒေသခံတောင်သူ (၄၂) ဦး တက်ရောက်ခဲ့သည်။ အဆိုပါအစီအစဉ်တွင် နေကြာနှင့်ကုလားပဲ စိုက်ပျိုးရာတွင်သိရှိနားလည်သင့်သော GAP စနစ်သုံး စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ၊ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းခြင်း၊ စိုက်ပျိုးမြေ ပြုပြင်ပြင်ဆင်ခြင်းနှင့် ရိတ်သိမ်းခြွေလှေ့ခြင်း နည်းလမ်းများကိုပါ မျှဝေခဲ့သည်။



## GAP စနစ်သုံး နှမ်းစိုက်ပျိုးခြင်းဆိုင်ရာ ပြန်လည်သုံးသပ်မှု အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း



MPRL E&P (CSR အစီအစဉ်) နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး) တို့ ပူးပေါင်းစီစဉ်သော GAP စနစ်သုံး နှမ်းစိုက်ပျိုးခြင်းနှင့် ပတ်သက်သည့် ပြန်လည်သုံးသပ်မှု အလုပ်ရုံ ဆွေးနွေးပွဲ ကို ၂၀၂၁ ခုနှစ် နိုဝင်ဘာ (၂၅) ရက်နေ့တွင် လေးအိမ်တန်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ရာ နှမ်းစိုက်တောင်သူ (၁၆) ဦး ပါဝင်ဆွေးနွေးခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် နှမ်းမျိုးကောင်းမျိုးသန့် ရရှိမှုနှင့် မျိုးစေ့စနစ်တကျ သိုလှောင်ထိန်းသိမ်းခြင်း၊ GAP မှတ်တမ်းစာအုပ်ရေးသွင်းခြင်း၊ GAP နည်းလမ်းများကို လိုက်နာဆောင်ရွက်ခြင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး) ၏ နည်းပညာပံ့ပိုးမှုနှင့် ကွင်းဆင်းဆောင်ရွက်မှု အခြေအနေ၊ နှမ်းအရည်အသွေးနှင့် ရောင်းချသည့် ဈေးကွက် အခြေအနေ၊ GAP စနစ်သုံးစိုက်ပျိုးစရိတ်နှင့် မိရိုးဖလာစိုက်ပျိုး စရိတ်နှိုင်းယှဉ်ခြင်းစသည့် အကြောင်းအရာများကို သုံးသပ်ဆွေးနွေးခဲ့သည်။ ထို့အပြင် နှမ်းစိုက်တောင်သူအချင်းချင်း စိုက်ပျိုးရေး အတွေ့အကြုံများ ဆွေးနွေးဖလှယ်ခဲ့ပြီး ရှေ့ဆက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း ဆွေးနွေးခဲ့သည်။

## သဘာဝပိုးသတ်ဆေး လက်တွေ့ပြုလုပ်နည်း သင်တန်းပို့ချခြင်း

MPRL E&P သည် မန်းရေနံမြေဒေသရှိ စိုက်ပျိုးရေးထုတ်ကုန်များကို စားသုံးသူအန္တရာယ် ကင်းရှင်းစေရန်၊ စိုက်ပျိုးစရိတ် သက်သာစေရန်နှင့် ဒေသထွက်သဘာဝပိုးသတ်ဆေးများ အသုံးပြုနိုင်ရန် ရည်ရွယ်၍ သဘာဝပိုးသတ်ဆေး လက်တွေ့ပြုလုပ်နည်းသင်တန်းကို ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် မန်းကျိုးနှင့် အောက်ကျောင်းကျေးရွာများ၌ ပြုလုပ်ခဲ့ရာ တောင်သူ (၄၀) ဦး တက်ရောက်ခဲ့သည်။ အဆိုပါသင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး) က ထုတ်ပြန်ထားသည့် သဘာဝပိုးသတ်ဆေးပြုလုပ်နိုင်မည့် အချက်အလက်များနှင့် လိုက်နာဆောင်ရွက်ဖွယ်နည်းလမ်းများအတိုင်း သဘာဝပိုးသတ်ဆေးပြုလုပ်နည်းများကို MPRL E&P ၏ CSR ကွင်းဆင်းတာဝန်ခံ ဦးဝင်းကိုက ပြန်လည်ပို့ချခဲ့ခြင်းဖြစ်သည်။ ■







# တောင်သူအကူအညီဖြင့် ဝတ်မှုန်ကူးခြင်းသရုပ်ပြအစီအစဉ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး) ၏ ကွင်းဆင်းဝန်ထမ်းနှင့် တွေ့ဆုံမေးမြန်းခြင်း

**မန်းရေနံမြေဒေသအတွင်း အဓိက စိုက်ပျိုးသီးနှံများနဲ့ နေကြာစိုက်ပျိုးထုတ်လုပ်နေမှု၊ နေကြာမျိုးစေ့ထုတ်လုပ်မှုအခြေအနေတို့ကို အကြမ်းဖျဉ်းသိပါရစေ။ ဒီလုပ်ငန်းတွေမှာ မင်းဘူးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ဘယ်လိုပူးပေါင်းဆောင်ရွက်နေတယ်ဆိုတာလည်း သိပါရစေ။**

မန်းရေနံမြေဒေသမှာ ကုလားပဲ၊ နေကြာ၊ မတ်ပဲနဲ့ ပဲတီစိမ်းကို အဓိကစိုက်ပျိုးပြီး နေကြာဖြစ်ထွန်းမှုရှိတဲ့ မြေအနေအထားမျိုးလည်းရှိပါတယ်။ နေကြာမျိုးစေ့ကနေ နေကြာစိုက်ပျိုးရာမှာ ဒေသထွက်မျိုးကောင်းမျိုးသန့် နေကြာမျိုးတွေက ထုတ်လုပ်သူနည်းပါးတာကြောင့် လိုသလောက်ရဖို့က အခက်အခဲရှိပါတယ်။

ဒီလိုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ နေကြာမျိုးကောင်းမျိုးသန့် မျိုးစေ့ကို ဒေသတွင်းမှာပဲ တောင်သူတွေ ကိုယ်တိုင်ထုတ်လုပ်နိုင်အောင် လူကကူပြီးဝတ်မှုန်ကူးပေးတဲ့ အစီအစဉ်ကို မန်းတောင်သူတွေအတွက် စတင်ဖြစ်တာပါ။ ဒီအစီအစဉ်ကြောင့် မျိုးစေ့ရလွယ်ခြင်း၊ မြို့နယ်စိုက်ပျိုးရေးရုံးအတွက် မျိုးစေ့ရှားပါးမှု နည်းပါးစေခြင်း၊ တောင်သူများအလွယ်တကူဝယ်ယူနိုင်ခြင်း စတဲ့အကျိုးကျေးဇူးတွေ ရှိလာပါတယ်။ ဒ့ါအပြင် စပ်မျိုးနေကြာဖို၊ မ နဲ့ ပတ်သက်ပြီး ဒေသခံတောင်သူတွေ ပိုပြီးသိရှိနားလည်လာစေပါတယ်။

ကျွန်တော်တို့ စိုက်ပျိုးရေးဌာနအနေနဲ့ကတော့ နေကြာမျိုးထုတ်လုပ်မယ့်စိုက်ခင်းကို တစ်ပတ်တစ်ကြိမ်၊ နှစ်ပတ်တစ်ကြိမ် သွားရောက်ကွင်းဆင်းကြည့်ရှုပြီး စိုက်ပျိုးတောင်သူကို လိုအပ်တာတွေ ညွှန်ကြားအကြံပြုပေးခဲ့ပါတယ်။

**မန်းရေနံမြေထိစပ်ကျေးရွာတွေမှာ စိုက်ပျိုးတောင်သူတွေ လက်တွေ့ရင်ဆိုင်ရတဲ့ မျိုးစေ့ဆိုင်ရာ အခက်အခဲတွေရှိရင် သိပါရစေ။ ဒီလို အခက်အခဲတွေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်ဖြေရှင်းနေတာ ရှိရင်လည်း သိပါရစေ။**

မျိုးစေ့နဲ့ ပတ်သက်ပြီး မြို့နယ်စိုက်ပျိုးရေးရုံးတွေကနေ တိုက်ရိုက်ဝယ်ယူတဲ့တောင်သူ နည်းပါးပါတယ်။ များသောအားဖြင့် နီးစပ်ရာစိုက်ပျိုးရေးဆိုင်နဲ့ ပွဲရုံတွေကနေ ဝယ်ယူစိုက်ပျိုးကြတာကို တွေ့ရပါတယ်။

ပြီးခဲ့တဲ့ နှစ်နှစ်လောက်ကစပြီး MPRL E&P က CSR ကွင်းဆင်းဝန်ထမ်း ကိုဝင်းကိုရဲ့ အကူအညီနဲ့ မန်းတောင်သူအများစုက သူတို့လိုအပ်တဲ့မျိုးစေ့တွေကို ကျွန်တော်တို့ စိုက်ပျိုးရေးရုံးကနေ မှာယူလာတာ တွေ့ရပါတယ်။

ကိုယ်တိုင်ကွင်းဆင်းချိန်မှာ တွေ့ရတဲ့ တောင်သူအများစုကိုလည်း ကျွန်တော်တို့ဌာနက မျိုးစေ့တွေနဲ့သက်ဆိုင်ရင် ဝယ်ယူနိုင်ကြောင်းနဲ့ စိုက်ခင်းအနေအထားကို ကြည့်ပြီး သုံးစွဲရမယ့် အားဆေး၊ ပိုးသတ်ဆေးတွေနဲ့ ပတ်သက်ပြီး



> “အဓိကတော့ စိုက်ပျိုးရာသီတိုင်းမှာ လိုအပ်နေတဲ့ မျိုးစေ့ အခက်အခဲကို ဒေသတွင်းမှာပဲ အောင်အောင်မြင်မြင်နဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရင် တောင်သူတွေရဲ့ အခက်အခဲတစ်ခုကို ဖြေရှင်းနိုင်တာပဲ”
>
> —— ဦးလှမော်မြင့်
> ဒုတိယဦးစီးမှူး (မယ်ဘော့ကုန်း ကွင်းတာဝန်ခံ)

CSR အစီအစဉ်နဲ့ ဆောင်ရွက်တဲ့ အသိပညာပေးအစီအစဉ်တွေ၊ တောင်သူပညာပေးဆွေးနွေးပွဲတွေမှာ ရှင်းလင်းဆွေးနွေးပေးပြီး လိုအပ်တာတွေ ကူညီပေးနေပါတယ်။

အခု ရေဆင်း-၁ စပ်မျိုးနေကြာ စမ်းသပ်ထုတ်လုပ်ရတဲ့ ရည်ရွယ်ချက်က တောင်သူတွေလိုအပ်နေတဲ့ မျိုးကောင်းမျိုးသန့်တွေကို မန်းဒေသအတွင်းမှာပဲ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့၊ သင့်တင့်တဲ့ဈေးနှုန်းနဲ့ ဝယ်ယူရရှိနိုင်အောင်ဖြစ်ပါတယ်။ အဓိကတော့ စိုက်ပျိုးရာသီတိုင်းမှာ လိုအပ်နေတဲ့ မျိုးစေ့အခက်အခဲကို ဒေသတွင်းမှာပဲ အောင်အောင်မြင်မြင်နဲ့ စိုက်ပျိုးထုတ်လုပ်နိုင်ရင် တောင်သူတွေရဲ့ အခက်အခဲတစ်ခုကို ဖြေရှင်းနိုင်တာပဲဖြစ်ပါတယ်။ အခု တောင်သူဦးသိန်းနိုင်ရဲ့ စံပြစိုက်ကွက်ကနေ စတင်တဲ့ Pilot Project ကအောင်မြင်ရင် နောက်နှစ်တွေမှာ အခုထက်ပိုပြီး စိုက်ပျိုးထုတ်လုပ်မှာ ဖြစ်ပါတယ်။

**နေကြာမျိုးစေ့ ထုတ်လုပ်နိုင်မယ့် နည်းလမ်းတွေနဲ့ ဘယ်လိုနည်းလမ်းတွေက ဒေသမျိုးစေ့ထုတ်လုပ်မှုကို ပိုပြီးအထောက်အကူဖြစ်စေလဲဆိုတာ သိပါရစေ။**

နေကြာကဆီထွက်သီးနှံဖြစ်တဲ့အတွက် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်နိုင်အောင် မျိုးကောင်းမျိုးသန့် ထုတ်လုပ်မှုက အရေးပါပါတယ်။

မန်းမှာစိုက်တဲ့ စပ်မျိုးနေကြာမျိုးတွေက ရာသီတစ်ခုစာအတွက်ပဲ စိုက်လို့ရတဲ့ နေကြာမျိုးတွေဖြစ်တယ်။ နောက်ရာသီပြန်စိုက်ဖို့ မျိုးစေ့ထားလို့မရဘူး။ ကုလားပဲ၊ နှမ်းလိုမျိုးမဟုတ်ဘူး။ ဒ့ါကြောင့် သမားရိုးကျမျိုးစေ့ ထုတ်လုပ်ရာကနေ ကြားခံလူအကူအညီနဲ့ ဝတ်မှုန်ကူးပေးတဲ့ နည်းလမ်းတွေ သုံးနိုင်ရင် ဒီဒေသနဲ့ ကိုက်ညီတဲ့ နေကြာမျိုးအတွက် အောင်မြင်တဲ့ မျိုးစေ့တွေ ထုတ်လုပ်နိုင်အောင် အကူအညီပေးပါတယ်။ ဒါမှပဲ မျိုးစေ့လိုအပ်ချက်ကို ကုစားနိုင်ပြီး သီးနှံအထွက်ပိုင်းမှာ စပ်မျိုးနေကြာအတွက် မျိုးစေ့ကောင်းမွန်တာကြောင့် ဆီထွက်ကောင်းမွန်စေမှာ ဖြစ်ပါတယ်။

**ဝတ်မှုန်ကူးခြင်းနဲ့ပတ်သက်ပြီး အနည်းငယ်သိပါရစေ။**

ဝတ်မှုန်ကူးခြင်းမှာ ပင်တည်းဝတ်မှုန်ကူးခြင်းဆိုတာက ပုံမှန် သဘာဝအလျှောက် ဝတ်မှုန်ကူးခြင်း ဖြစ်ပြီးတော့ အဖို၊ အမလိုင်း စိုက်ပျိုးစရာ မလိုပါဘူး။ တောင်သူတွေ ပုံမှန်စိုက်ပျိုးသလိုပါပဲ။

အဖို၊ အမလိုင်းနဲ့ စိုက်ပျိုးတာကတော့ ပင်ခြားဝတ်မှုန်ကူညီခြင်း (ပျား၊ လိပ်ပြာ၊ လူ) အကူအညီနဲ့ ဝတ်မှုန်ကူးခြင်းကို ဆိုလိုတာ ဖြစ်ပါတယ်။

**လူအကူအညီနဲ့ ဝတ်မှုန်ကူးခြင်း (hand-pollination) က သဘာဝအလျောက် ဝတ်မှုန်ကူးခြင်းနဲ့ ကွာခြားချက်၊ အားနည်းချက်၊ အားသာချက်ရှိရင် သိပါရစေ။**

သဘာဝအလျောက် ဝတ်မှုန်ကူးခြင်းက ပျား၊ လိပ်ပြာအစရှိတဲ့ ကြားခံအင်းဆက်ပိုးကောင်လေးတွေနဲ့ ဝတ်မှုန်ကူးကြတာမို့ ပိုပြီးကောင်းမွန်ပါတယ်။ သဘာဝအလျောက် ဝတ်မှုန်ကူးခြင်းက ပန်းပွင့်တိုင်းကို အလေအလွင့်မရှိဘဲ မျိုးအောင်နိုင်ပါတယ်။

အခု စပ်မျိုးနေကြာ ဖို၊ မ ဝတ်မှုန်ကူးတာမှာ တောင်သူအကူအညီနဲ့ ကူးရတာကြောင့် အနည်းငယ်အလေအလွင့်ရှိနိုင်ပါတယ်။ အပွင့်ကျော်တာ၊ ဝတ်မှုန်လေလွင့်တာတွေ ဖြစ်တတ်ပါတယ်။

**လူအကူအညီနဲ့ ဝတ်မှုန်ကူးခြင်းမှာ သတိထားရမယ့် အချက်တွေရှိရင် သိပါရစေ။**

လူအကူအညီနဲ့ ဝတ်မှုန်ကူးရင် ဝတ်မှုန်ကူးသူတိုင်းက နည်းစနစ်တကျ ဝတ်မှုန်ကူးတတ်ဖို့ လိုပါတယ်။ ဝတ်မှုန်ကူးတာ စနစ်ကျနမှုမရှိတာနဲ့ မျိုးအောင်မှု နည်းပါးတတ်ပါတယ်။ မျိုးထုတ်လုပ်ရာမှာ ရရှိမယ့် အရေအတွက်လည်း လျော့နည်းသွားနိုင်ပါတယ်။

**ရေဆင်း-၁ စပ်မျိုးနေကြာ ထုတ်လုပ်ခြင်းက မန်းရေနံမြေဒေသခံတောင်သူတွေကို ဘယ်လိုအကျိုး ရှိစေပါလဲ။**

ရေဆင်း-၁ စပ်မျိုးနေကြာကနေ မျိုးစေ့ထုတ်လုပ်နိုင်ရင် တောင်သူတွေအတွက် မျိုးကောင်းမျိုးသန့် ရရှိနိုင်မယ်။ အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်ထားတဲ့ မျိုးစေ့ဖြစ်လို့ ကိုယ့်စိုက်ခင်းမှာပြန်သုံးရင်လည်း သတ်မှတ်အထွက်နှုန်း ရရှိမှာဖြစ်ပါတယ်။ တခြားမျိုးတွေထက် ရေဆင်း-၁ စပ်မျိုးနေကြာက သီးနှံအထွက်နှုန်းကောင်းပြီးရာသီဥတုနဲ့ ရောဂါဒဏ်လည်းခံနိုင်ရည်ရှိပါတယ်။ စာမျက်နှာ - ၆ ➤



# တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု မွမ်းမံသင်တန်း ပို့ချခြင်းနှင့် နေပီယာမြက်စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ



MPRL E&P (CSR အစီအစဉ်) သည် မန်းရေနံမြေဒေသခံများ အနေဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ပိုမိုတိုးတက် လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သင်တန်းများကိုပို့ချလျက်ရှိရာ မင်းဘူးမြို့နယ် မွေးမြူရေး နှင့် ကုသရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ တိရစ္ဆာန်ကျန်းမာ ရေးစောင့်ရှောက်မှု မွမ်းမံသင်တန်းကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ (၁၄) ရက်မှ (၁၆) ရက်နေ့အထိ သုံးရက်တာ ပို့ချခဲ့သည်။



အလားတူသင်တန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း MPRL E&P က မန်းရေနံမြေ ဒေသခံတောင်သူများ အတွက် ပို့ချခဲ့ပြီးဖြစ်ရာ အဆိုပါသင်တန်းသို့ တက်ရောက်ပြီးဖြစ် သည့် သင်တန်းသားများအနေဖြင့် သင်တန်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို တိုးတက်သိရှိနိုင်စေရန်နှင့် လက်တွေ့ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ယခုနှစ်တွင် မွမ်းမံသင်တန်း အဖြစ် ဆက်လက်ပို့ချခြင်းဖြစ်သည်။ အဆိုပါ သင်တန်းသို့ ယမန်နှစ်က သင်တန်းသားဟောင်း (၁၀) ဦး ပြန်လည် တက်ရောက်ခဲ့ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ခံဆရာ၊ ဆရာမများက တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အသိပညာများကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့သည်။

မွမ်းမံသင်တန်းတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သတ်မှတ်ထားသည့် အစားအစာဖူလုံမှု၊ အစားအစာ ဘေးကင်းမှု (Food Safety)၊ ကာကွယ်ဆေးသုံးစွဲနည်း များ၊ တိရစ္ဆာန်ခန္ဓာကိုယ်အလေးချိန်ကိုချိန်ဆ၍ ဆေးဝါး သုံးစွဲနည်း၊ တိရစ္ဆာန်တစ်ကောင်၏ ကိုယ်အလေးချိန်ကို ပေါင်ချိန်မှပိဿာချိန်တွက်နည်း၊ ပိဿာချိန်မှ ပေါင်ချိန် တွက်နည်းများကို သင်ကြားပေးခြင်း၊ တိရစ္ဆာန်ကျန်းမာရေး အတွက် အသုံးပြုနိုင်သည့် ဆေးဝါးအုပ်စုများ၊ မွေးမြူရေး နှင့်ကုသရေးဦးစီးဌာနတွင် ရရှိနိုင်သော ကာကွယ်ဆေး အမျိုးအစားများ၊ တိရစ္ဆာန်များ၌ အသားဆေး၊ အရေပြား ဆေးနှင့် အကြောဆေးထိုးနည်းများ၊ ဆေးအမည်၊ အညွှန်း၊ ပါဝင်ပစ္စည်းများနှင့်သုံးစွဲပုံများ၊ ကာကွယ်ဆေးထိုးရာတွင် ဆေးထိုးအပ်အသုံးပြုပုံ၊ အကြောဆေး၊ အသားဆေး၊ အရေပြားဆေးများထိုးရာတွင် အသုံးပြုရမည့် ဆေးထိုး အပ်အရွယ်အစားနှင့်ပုံဏ္ဍာန်များ၊ ဆေးထိုးအပ်ကိုင်နည်း၊ ဆေးစုပ်ယူပုံ၊ ဆေးစုပ်ယူသည့်အခါ ဆေးထိုးအပ်တွင် ပါသည့် သတ်မှတ်ထားသောဆေးပမာဏ (ဥပမာ-၀.၅ စီစီ၊ ၁ စီစီ) အတိုင်းလိုက်နာဆောင်ရွက်ခြင်း၊ ကာကွယ်ဆေးနှင့် အားဆေးအုပ်စုများတွင် ပါဝင်သော အခေါ်အဝေါ်များ၊ မွေးမြူထားသည့် တိရစ္ဆာန်များကို လေ့လာစောင့်ကြည့် တတ်ရန် သင်ကြားပို့ချခဲ့ပြီး ဆေးထိုးအပ်ဖြင့် ဆေးထိုး နည်းများကို ၄က်ပျောတုံးအသုံးပြုလေ့ကျင့် သင်ကြား ခဲ့သည်။



ထို့အပြင် အောက်တိုဘာလအတွင်း MPRL E&P (CSR အစီအစဉ်) သည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (မင်းဘူး) နှင့် ပူးပေါင်းဆောင်ရွက်မှုတစ်ခု အနေဖြင့် I-2 ကြက် မျက်စဉ်းဆေးခတ်ပေးသည့်အစီအစဉ်ကို ချိတ်ဆက်ပံ့ပိုး ပေးခဲ့သည်။ အဆိုပါအစီအစဉ်အရ ဒေသတွင်းရှိ ကြက်များ တွင် ကြက်လည်လိမ်ရောဂါဖြစ်ပွားမှု ကာကွယ်နိုင်ရေး အတွက် မယ်ဘော့ကုန်း၊ မန်းကျိုး၊ လေးအိမ်တန်းနှင့် အောက်ကျောင်းကျေးရွာများရှိ ကြက်ကောင်ရေ (၁,၀၁၀) ကောင်ကို I-2 မျက်စဉ်းဆေး ခတ်ပေးနိုင်ခဲ့သည်။



ထို့ပြင် ၂၀၂၁-၂၀၂၂ Contract Year ၏ တတိယသုံးလပတ် အတွင်း MPRL E&P (CSR အစီအစဉ်) ၏ ချိတ်ဆက်ပံ့ပိုးမှု ဖြင့် မန်းရေနံမြေဒေသခံတောင်သူ (၁၁) ဦးသည် မွေးမြူ ရေးနှင့် ကုသရေးဦးစီးဌာနမှ ပံ့ပိုးသည့် တိရစ္ဆာန်အစာ အဖြစ် အသုံးပြုနိုင်မည့် နေပီယာမြက်မျိုးပင်စည်ပေါင်း (၁၃,၀၀၀) ကျော်ကို လက်ခံရယူစိုက်ပျိုးခဲ့သည်။ အဆိုပါ နေပီယာမြက် စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို သိရှိနိုင်ရန် CSR ကွင်းဆင်း ဝန်ထမ်းများက မယ်ဘော့ ကုန်းကျေးရွာရှိ နေပီယာမြက် စိုက်ပျိုးသူ (၉) ဦး ထံ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ (၂၁) ရက် တွင် သွားရောက်တွေ့ ဆုံပြီး စိုက်ခင်းတိုးတက်မှုအခြေအနေများကို မှတ်တမ်းရ ယူခဲ့သည်။

နေပီယာမြက်ပင်များသည် ရေမပြတ်ရှိနေပါက အမြဲရှင် သန်နိုင်ပြီး ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဆိတ် စသည့် တိရစ္ဆာန်များအတွက် အစာချောအဖြစ် ကျွေး၍ရသော ကြောင့် တိရစ္ဆာန်မွေးမြူရေးသမားများ ကြိုက်နှစ်သက် ကြောင်းသိရသည်။ အဆိုပါ မြက်အမျိုးအစားသည် နံ့စား ပင်များကဲ့သို့ တစ်နှစ်တစ်ကြိမ် ပြန်လည်စိုက်ပျိုးရန် မလို ဘဲ ရေမပြတ်သွင်းပေးပါက အမြဲရှင်သန်နိုင်သော်လည်း ဒေသအတွင်း ရေရှားပါးမှုကြောင့် စိုက်ပျိုးရန် အခက်အခဲ ရှိကြောင်း အချို့တောင်သူများက မှတ်ချက်ပြုပြောကြား ကြသည်။ ■



မျက်နှာဖုံးမှ အဆက်

**အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) တွင် သင်တန်း တက်ရောက်ခွင့်ရရှိသည့် မန်းရေနံမြေဒေသခံ လူငယ် (၇) ဦး အတွက် ပညာသင်ဆုထောက်ပံ့**

MPRL E&P အနေဖြင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် သက်ဆိုင်ရာဘာသာရပ်အလိုက် ပညာသင်ဆုများ ပေးအပ်မည့် အစီအစဉ်ကို မန်းရေနံမြေ ထိစပ်ကျေးရွာများတွင် အသိပေး ကြေညာခဲ့ပြီး သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံပြီး ပညာသင်ဆု လျှောက်ထားလိုသည့် ဒေသခံ လူငယ်များကို ဖိတ်ခေါ်ခဲ့သည်။ သင်တန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန် ယမန်နှစ်က ပညာသင်ဆု ရရှိခဲ့ပြီး သင်တန်းတက်ရောက် အောင်မြင်ပြီးဖြစ်သည့် သင်တန်းသားတစ်ဦးက သင်တန်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို ပြန်လည်မျှဝေနိုင်ရန် CSR လုပ်ငန်းအဖွဲ့ဝင်များက ပံ့ပိုး ကူညီခဲ့သည်။



သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် ဒေသခံ လူငယ်များ၏ သင်တန်းလျှောက်လွှာများကို အဆိုပါ သင်တန်းကျောင်းသို့ပေးပို့ခဲ့ပြီး အမှတ် (၅) စက်မှုသင်တန်း ကျောင်း (မကွေး) တွင် တစ်နှစ်သင်တန်း တက်ရောက်ခွင့် ဝင်ခွင့်စာမေးပွဲသို့ လျှောက်ထားသူ (၁၉) ဦး ဝင်ရောက် ဖြေဆိုခဲ့ရာ (၇) ဦးရွေးချယ်ခံရသည်။

စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန လက်အောက်ရှိ အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) တွင် “စက်မှု ကျွမ်းကျင် (၁) နှစ်သင်တန်း” အမှတ်စဉ် (၁၀) သို့ မန်းရေနံ မြေထိစပ်ကျေးရွာများဖြစ်သည့် မန်းကျိုးကျေးရွာ ဒေသခံ လူငယ် (၃) ဦး၊ ပေါက်ကုန်းကျေးရွာဒေသခံလူငယ် (၂) ဦး၊ ကျွဲချကျေးရွာဒေသခံလူငယ် (၁) ဦးနှင့် လေးအိမ်တန်း ကျေးရွာဒေသခံလူငယ် (၁) ဦးတို့ တက်ရောက်ခွင့်ရရှိခဲ့သည်။






လက်ရှိတွင် ပညာသင်ဆုရရှိသူ ဒေသခံလူငယ် (၇) ဦး အနက် အမျိုးသား (၅) ဦးသည် မော်တော်ယာဉ်ပြုပြင် ထိန်းသိမ်းမှုသင်တန်း (Automobile Maintenance Course) ကို တက်ရောက်လျက်ရှိပြီး အမျိုးသမီး (၂) ဦး သည် ကွန်ပြူတာသုံးဒီဇိုင်းရေးဆွဲ/ ထုတ်လုပ်မှုသင်တန်း (CAD/ CAM Course) ကို တက်ရောက်လျက်ရှိရာ သင်တန်းဆိုင်ရာ သင်ခန်းစာများတွင် စာတွေ့ (၃၀%) နှင့် လက်တွေ့ (၇၀%) ဖြင့် လေ့လာသင်ယူရမည်ဖြစ်သည်။

အဆိုပါ သင်တန်းသား (၇) ဦး သင်တန်းတက်ရောက် နိုင်ရေးအတွက် ကျောင်းဝင်ကြေး၊ ယာဉ်မောင်းလိုင်စင် ကြေး၊ စားစရိတ်၊ ဘွဲ့ဝတ်စုံစရိတ်နှင့် တစ်ဦးလျှင် လစဉ် အပိုအသုံးစရိတ် ကျပ် ၄၀,၀၀၀/- (ကျပ်လေးသောင်း) နှုန်း ဖြင့် သင်တန်းသား (၇) ဦးအတွက် တစ်နှစ်တာ ခန့်မှန်း ကုန်ကျစရိတ်စုစုပေါင်း ကျပ် ၄,၀၅၀,၀၀၀/- (ကျပ်သိန်း လေးဆယ်ငါးသောင်း) ကို MPRL E&P (CSR အစီအစဉ်) ဖြင့် ပံ့ပိုးခဲ့ခြင်းဖြစ်သည်။

**ဆေးဝါးကျွမ်းကျင်နှင့်ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းတက်ရောက်နိုင်ရန် MPRL E&P က မန်း ရေနံမြေဒေသခံလူငယ် (၅) ဦးအတွက် ပညာသင်ဆု ချီးမြှင့်**

ဧရာဝတီသင်တန်းကျောင်း (မင်းဘူး) က ဖွင့်လှစ်ပို့ချလျက် ရှိသည့် ဆေးဝါးကျွမ်းကျင်နှင့်ကျန်းမာရေး စောင့်ရှောက် မှုဆိုင်ရာ (၂) လတာသင်တန်းအတွက် MPRL E&P (CSR အစီအစဉ်) ဖြင့် ပညာသင်ဆု ချီးမြှင့်နိုင်ရန် မန်းရေနံမြေ ဒေသခံလူငယ်များကို ဖိတ်ခေါ်ခဲ့ပြီး အဆိုပါ သင်တန်း ကျောင်းနှင့် CSR လုပ်ငန်းအဖွဲ့ဝင်များက ပညာသင်ဆု ရွေးချယ်ရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ စိစစ် ရွေးချယ်ခဲ့ရာ လျှောက်ထားသူ ဒေသခံလူငယ် (၂၄) ဦး အနက် (၅) ဦး ရွေးချယ်ခံရသည်။






ဆေးဝါးကျွမ်းကျင်နှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ (၂) လတာသင်တန်းကို မင်းဘူးမြို့တွင် စာတွေ့သင်တန်း (၁) လ တက်ရောက်ရမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ ဧရာဝတီ သင်တန်းကျောင်းနှင့် သင်ကြားရေးဆေးရုံတွင် လက်တွေ့ (၁) လ တက်ရောက်သင်ယူရမည်ဖြစ်သည်။ ရွေးချယ်ခံ ရသည့် သင်တန်းသား (၅) ဦးသည် အဆိုပါ သင်တန်းကို ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ (၂၇) ရက်မှ စတင်၍ မင်းဘူးမြို့တွင် တက်ရောက် သင်ယူလျက်ရှိသည်။

အဆိုပါ (၂) လတာသင်တန်းအတွက် ခန့်မှန်းကုန်ကျ စရိတ် တစ်ဦးလျှင် ကျပ် ၈၀၀,၀၀၀/ (ကျပ်ရှစ်သိန်း) ခန့် ရှိပြီး အခြားကုန်ကျစရိတ်များ အပါအဝင် စုစုပေါင်း ကျပ် ၆,၃၂၀,၀၀၀/ (ကျပ်ခြောက်ဆယ့်သုံးသိန်းနှစ်သောင်း) ခန့်ကို MPRL E&P (CSR အစီအစဉ်) က မန်းရေနံမြေဒေသခံ လူငယ်များအတွက် ပညာသင်ဆုချီးမြှင့်ခြင်းဖြင့် ပံ့ပိုး ခဲ့ခြင်းဖြစ်သည်။ အလားတူသင်တန်းပြီးဆုံး အောင်မြင် သည့် သင်တန်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း သစ်များရရှိနိုင်ရေး စီစဉ်ဆောင်ရွက်လျက် ရှိသည်။

MPRL E&P သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မန်းရေနံမြေ ဒေသခံလူငယ်အမျိုးသမီး (၃) ဦး ကို အလားတူ သင်တန်းအတွက် ပညာသင်ဆုများ ပံ့ပိုးခဲ့ပြီး အလုပ်အကိုင်အခွင့် အလမ်းသစ်များပါ တိုးတက်ဖန်တီး ပေးနိုင်ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက် ပြန့်ပွားမှုရှိသည့် ကာလများအတွင်း ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အဆိုပါ သင်တန်းသူ (၃) ဦး က တစ်တပ်တစ်အား ဝိုင်းဝန်းပံ့ပိုးနိုင်ခဲ့သည်။ ■



## ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်ဖွံ့ဖြိုးရေး MPRL E&P ပူးပေါင်းဆောင်ရွက်



MPRL E&P သည် ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ကျောင်းအုပ်များ၊ ကျောင်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များ၏ အကြံပြုချက်များနှင့် CSR လုပ်ငန်းအစီအစဉ်ဖြင့် ပံ့ပိုးနိုင်မည့် လုပ်ငန်းများကို လေ့လာသုံးသပ်ပြီး မန်းရေနံမြေ ဒေသခံ ကျောင်းသားလူငယ်များအတွက် ကျောင်းသုံးပရိဘောဂ ပစ္စည်းများ ပံ့ပိုးထောက်ပံ့ခြင်း၊ ကျောင်းအဆောက်အဦ ပြုပြင်မွမ်းမံခြင်း၊ ကျောင်းစာကြည့်တိုက်အတွက် စာစောင်များ ပံ့ပိုးလှူဒါန်းတို့ကို ၂၀၂၁-၂၀၂၂ Contract Year တတိယသုံးလပတ်အတွင်း ဆောင်ရွက်ခဲ့သည်။



### မယ်ဘော့ကုန်းစာသင်ကျောင်းရှိ သိပ္ပံခန်းများအတွက် ပရိဘောဂပစ္စည်းများ လှူဒါန်းခြင်း

၂၀၂၁-၂၀၂၂ Contract Year တွင် ဒေသတွင်း အခြေခံ အဆောက်အဦ ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လျာထားချက်အရ မန်းရေနံမြေဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု ကဏ္ဍအနေဖြင့် မယ်ဘော့ကုန်းကျေးရွာ အခြေခံပညာကျောင်း၏ သိပ္ပံခန်းများအတွက် လိုအပ်လျက်ရှိသော ပရိဘောဂပစ္စည်းများ ထောက်ပံ့နိုင်ရန် ရန်ကုန်၊ မကွေးနှင့် မင်းဘူးမြို့များရှိ ပရိဘောဂပစ္စည်း အရောင်းဆိုင်များတွင် ကျောင်းသုံး ပရိဘောဂအရည်အသွေးနှင့် ဈေးနှုန်းစုံစမ်းမှုများ ဆောင်ရွက်ခဲ့သည်။

မယ်ဘော့ကုန်းကျောင်း သိပ္ပံခန်းအတွက် စုစုပေါင်း ကျသင့်ငွေကျပ် ၃,၈၈၅,၀၀၀/- (ကျပ် သုံးဆယ့်ရှစ်သိန်း ရှစ်သောင်းငါးထောင်) တန်ဖိုးရှိ (၈' x ၄') စားပွဲ ၄ လုံး၊ (၄' x ၂') စားပွဲ ၂ လုံး၊ ကုလားထိုင် ၄ လုံး၊ (၄' x ၁') ခုံတန်းရှည် ၁၆ လုံး၊ (၁' x ၁.၅') ခုံတို ၈ လုံး၊ (၆' x ၃') စာအုပ်စင် ၂ ခုနှင့် (၆' x ၃') ဘီဒို ၂ လုံး ပါဝင်သည့် ကျောင်းသုံးပရိဘောဂ ပစ္စည်းများကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် မယ်ဘော့ကုန်းကျောင်း တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့အပြင် စုစုပေါင်းကျသင့်ငွေ ကျပ် ၁,၀၆၅,၀၀၀/- (ကျပ် ဆယ်သိန်း ခြောက်သောင်း ငါးထောင်) တန်ဖိုးရှိ ကျွန်းဗီဒို (၂) လုံး၊ မှန်ဗီဒို (၂) လုံးနှင့် စာအုပ်စင် (၂) ခု ပါဝင်သည့် ကျောင်းသုံး ပရိဘောဂပစ္စည်းများကို ကြာကန်ကျေးရွာ ကျောင်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီထံ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၇) ရက်နေ့တွင် လွှဲပြောင်းပေးအပ်ခဲ့သည်။



### ကြာကန်ကျေးရွာကျောင်းအဆောက်အဦ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း

MPRL E&P ကုမ္ပဏီ၏ Special Project အဖွဲ့ အကူအညီဖြင့် CSR ကွင်းဆင်းဝန်ထမ်းများသည် ကြာကန်၊ လေးအိမ်တန်းနှင့် ချင်တောင် ကျေးရွာများရှိ စာသင်ကျောင်းများ၌ ကျောင်းအဆောက်အဦ ပြန်လည်ပြုပြင်ခြင်း၊ ကျောင်းခြံစည်းရိုးခတ်ခြင်းနှင့် ကျောင်းမုခ်ဦး တည်ဆောက်ခြင်း လုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်၍ ကုန်ကျစရိတ် ခန့်မှန်းတွက်ချက်ခြင်းတို့ကို ကြိုတင်ပြုလုပ်ခဲ့ပြီး ကြာကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှိ ကျောင်းအဆောက်အဦ၏ မျက်နှာကျက်၊ ကြမ်းခင်း၊ နံရံ၊ ပြတင်းပေါက်၊ ကော်ရစ်တာများ ပြန်လည်ပြုပြင်မွမ်းမံမှုများကို ဆောင်ရွက်ခဲ့သည်။ အလျား ၅၀ ပေ၊ အနံ ၂၀ ပေ ရှိသည့် အဆိုပါ ကျောင်းအဆောက်အဦကို MPRL E&P က စုစုပေါင်းကျပ် ၆,၁၀၂,၈၀၀/ (ကျပ် ခြောက်ဆယ့် တစ်သိန်းနှစ်ထောင့် ရှစ်ရာ) နှင့် ရပ်ရွာနေပြည်သူများက ကျပ် ၂၀၀,၀၀၀/ (ကျပ် နှစ်သိန်း) ပါဝင်ပူးပေါင်းပံ့ပိုးမှုဖြင့် ပြုပြင်မွမ်းမံခဲ့ပြီး ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့တွင် လုပ်ငန်းပြီးစီးခဲ့သည်။



အလားတူ မန်းရေနံမြေဒေသမှ ကျောင်းသားလူငယ်များ စာပေ ဗဟုသုတတိုးတက်စေရန် ရည်ရွယ်၍ စုစုပေါင်းငွေကျပ် ၃၅၀,၀၀၀/- (ကျပ် သုံးသိန်းငါးသောင်း) တန်ဖိုးရှိ ရွှေသွေးကာတွန်းစာစောင် (၅၅) စောင်ပါ အတွဲ (၁၄) တွဲကို မန်းရေနံမြေဒေသရှိ စာသင်ကျောင်း (၁၁) ကျောင်းနှင့် ကျေးရွာစာကြည့်တိုက် (၃) တိုက် သို့ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ အတွင်း ပေးအပ်လှူဒါန်းခဲ့သည်။ ■





စာမျက်နှာ-၃ မှ အဆက် ➤

### နေကြာစိုက်ပျိုးထုတ်လုပ်မယ့် မန်းရေနံမြေတောင်သူတွေကို ဘာများအဓိကတိုက်တွန်းပြောကြား လိုပါသလဲ။

အခုလိုမျိုးကောင်းမျိုးသန့်ကို မန်းရေနံမြေက ဒေသခံတောင်သူတွေ စိတ်ဝင်စားပြီး စိုက်ပျိုးမြေဧက များများမှာ စိုက်ပျိုးထုတ်လုပ်နိုင်ရင် အကောင်းဆုံးပါပဲ။


မျိုးစေ့များများ အလွယ်တကူ ထုတ်လုပ်နိုင်တော့ မင်းဘူးမြို့နယ်ထဲက နေကြာစိုက် တောင်သူတွေအတွက် မျိုးစေ့ ရှာရခက်တဲ့ အခက်အခဲကို ဖြေရှင်းပြီးတဲ့အပြင် သင့်တင့်တဲ့ ဈေးနှုန်းနဲ့လည်း ဒီဒေသတွင်းမှာပဲ မျိုးစေ့ဝယ်ယူနိုင်မှာမို့ အတော်ကို အဆင်ပြေမှာပါ။ ■




# CSR လုပ်ငန်းတိုးတက်မှုအခြေအနေ ပြန်လည်သုံးသပ်ခြင်း ခြောက်လပတ်အစည်းအဝေးပြုလုပ်

MPRL E&P ကုမ္ပဏီသည် မိမိတို့ လုပ်ငန်းတိုးတက်မှု အခြေအနေများအပြင် လုပ်ငန်းလုပ်ကိုင်ရာ မန်းရေနံမြေ ဒေသ ဖွံ့ဖြိုးရေးကြိုးပမ်းဆောင်ရွက်မှု အခြေအနေများကို သက်ဆိုင်ရာပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ပုံမှန်တွေ့ဆုံ၍ အသိပေးတင်ပြလျက်ရှိရာ ၂၀၂၁-၂၀၂၂ Contract Year တတိယ သုံးလပတ်အတွင်း CSR လုပ်ငန်းတိုးတက်မှု အခြေအနေပြန်လည်သုံးသပ်ခြင်း ခြောက်လပတ် အစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့သည်။

## ခြောက်လတစ်ကြိမ် CSR လုပ်ငန်းတိုးတက်မှု အခြေအနေများ ပြန်လည်သုံးသပ်ခြင်း အစည်းအဝေး




၂၀၂၁-၂၀၂၂ Contract Year (ဧပြီလမှ စက်တင်ဘာလအထိ) ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းဆောင်ရွက်ချက်များကို MOGE (နေပြည်တော်) သို့ အွန်လိုင်းမှတစ်ဆင့် အစီအရင်ခံတင်ပြခြင်း




MPRL E&P ကုမ္ပဏီ၏ CSR & Communications ဌာန သည် ၂၀၂၁-၂၀၂၂ Contract Year ၏ ဧပြီလမှ စက်တင်ဘာ လအထိ ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းများနှင့် စပ်လျဉ်း၍ ၂၀၂၁ ခုနှစ် အောက်တိုဘာလ (၇) ရက်နေ့ တွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ နေပြည်တော် ရှိ တာဝန်ရှိသူများနှင့် အွန်လိုင်းမှတဆင့် အစည်းအဝေး ပြုလုပ်ပြီး အစီရင်ခံတင်ပြခဲ့သည်။

အလားတူ ဧပြီလမှစက်တင်ဘာလအထိ ဆောင်ရွက်ပြီးစီး ခဲ့သော CSR လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ ပြန်လည် သုံးသပ်ခြင်း အစည်းအဝေးကို အောက်ကျောင်းကျေးရွာ၌ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ (၉) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ သည်။ အဆိုပါအစည်းအဝေးသို့ မန်းရေနံမြေထိစပ်ကျေးရွာ (၁၄) ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ၊ စေတနာ့ဝန်ထမ်းများအပါအဝင် ဒေသခံ (၃၄) ဦး တက်ရောက်ခဲ့ပြီး CSR & Communications ဌာနကလုပ်ငန်းတိုးတက်မှု အခြေအနေများကို အသိပေး တင်ပြခဲ့သည်။



၂၀၂၁-၂၀၂၂ Contract Year (ဧပြီလမှ စက်တင်ဘာလအထိ) ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းဆောင်ရွက်ချက်များကို မန်းဒေသခံများထံ အစီအရင်ခံတင်ပြခြင်း

ထို့အပြင် ကျေးရွာများ၏ အမှိုက်သိမ်းဝန်ဆောင်မှုနှင့် သက်ဆိုင်သော လစဉ်ဝင်ငွေနှင့် ကုန်ကျစရိတ် ရှင်းတမ်း များကို ဒေသခံစေတနာ့ဝန်ထမ်းများက အဆိုပါ အစည်း အဝေးတွင် ရှင်းလင်းတင်ပြခဲ့သည်။

## CSR လုပ်ငန်းဆောင်ရွက်ချက်များအတွက် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံခြင်း

MPRL E&P ကုမ္ပဏီ၏ CSR & Communications ဌာနမှ တာဝန်ရှိသူများသည် ဒီဇင်ဘာလအတွင်း သွားရောက် ခဲ့သည့် မန်းရေနံမြေခရီးစဉ်အတွင်း ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ CSR ကွင်းဆင်းဝန်ထမ်းများ၊ ဒေသခံစေတနာ့ ဝန်ထမ်းများ၊ မန်းရေနံမြေထိစပ် ကျေးရွာများမှ ရပ်မိရပ်ဖ များ၊ ဒေသခံများ၊ ပညာသင်ဆုရသင်တန်းသားများနှင့် တွေ့ဆုံ၍ CSR လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ များကို ဆွေးနွေးအသိပေးတင်ပြခဲ့သည်။



CSR ကွင်းဆင်းဝန်ထမ်းများနှင့်တွေ့ဆုံခြင်း



ဒေသခံစေတနာ့ဝန်ထမ်းများနှင့်တွေ့ဆုံခြင်း

အဆိုပါခရီးစဉ်တွင် အေးမြကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာလူငယ်များ နှင့် တွေ့ဆုံ၍ လူထုအခြေပြုဗဟိုဌာန (Community Center) အစီအစဉ်အတွက် ဆွေးနွေးတိုင်ပင်ခဲ့ပြီး အေးမြ ကျေးရွာစာကြည့်တိုက် စီမံခန့်ခွဲမှုစနစ်ကို လေ့လာခဲ့ သည်။ အဆိုပါစာကြည့်တိုက်ကို Community Center အဖြစ် အဆင့်မြှင့်တင်ပြီး ကျေးရွာနေကျောင်းသားနှင့် လူငယ်များအတွက် ကျောင်းပြင်ပလှုပ်ရှားမှုများနှင့် လူငယ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ဆောင်ရွက်နိုင်ရန် ဆွေးနွေးတိုင်ပင်ခဲ့သည်။



အေးမြကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ၊ ကျေးရွာလူငယ်များနှင့် တွေ့ဆုံ၍ လူထုအခြေပြုဗဟိုဌာန (Community Center) အစီအစဉ်အတွက် တိုင်ပင်ဆွေးနွေးခြင်း



အလားတူ မယ်ဘော့ကုန်းနှင့် လက်ပံတပင်ကျေးရွာများရှိ စာသင်ကျောင်းများ၌ ပြုလုပ်မည့် “စိမ်းလန်းစိုပြေ တို့ကျောင်းမြေ” အစီအစဉ် (Green Schoolyards Program) အတွက် ကျောင်းအုပ်ဆရာမကြီးများနှင့် တွေ့ဆုံခဲ့ပြီး အစီအစဉ်စတင်နိုင်မည့် ကျောင်းမြေနေရာ လေ့လာခြင်း၊ ရရှိနိုင်သည့် သစ်ပင်ပန်းမန်များကို ဆန်းစစ်မှုများ ပြုလုပ် ခဲ့ပြီး မကြာမီအကောင်အထည်ဖော်နိုင်ရန် မင်းဘူးမြို့နယ် ပညာရေးဦးစီးဌာန၏ ခွင့်ပြုချက်လည်း ရရှိပြီး ဖြစ်သည်။

စာမျက်နှာ-၁၁ ➤




“စိမ်းလန်းစိုပြေ တို့ကျောင်းမြေ” အစီအစဉ်နှင့် ကျောင်းသိပ္ပံဆောင်ပရိဘောဂများအတွက် မယ်ဘော့ကုန်းကျောင်းအုပ်ဆရာမကြီးနှင့်တွေ့ဆုံခြင်း

# လက်ပံတောကျေးရွာအမှိုက်သိမ်းဝန်ဆောင်မှုနှင့် Trash Hero Minbu အမှိုက်ကောက်လှုပ်ရှားမှုများ ပြန်လည်စတင်

MPRL E&P ကုမ္ပဏီသည် မိမိတို့လုပ်ငန်း လုပ်ကိုင်ရာဒေသ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စွန့်ပစ်အမှိုက်ကင်းစင်ရေးနှင့် ပတ်ဝန်းကျင်သာယာလှပရေးအတွက် မင်းဘူး (စကု) မြို့နယ် စည်ပင်သာယာနယ်နမိတ်အတွင်း ပါဝင်ခြင်းမရှိသည့် မန်းရေနံမြေ ထိစပ်ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ် တစ်ခုကို အကောင်အထည်ဖော် ကျင့်သုံးလျက်ရှိသည်။




စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုပြဇယား



ပုံမှန်ဆောင်ရွက်လျက်ရှိသော အမှိုက်သိမ်းဝန်ဆောင်မှုများ

MPRL E&P (CSR အစီအစဉ်) သည် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုအစီအစဉ်ကို ပုံမှန်စောင့်ကြည့် လေ့လာလျက်ရှိပြီး လိုအပ်သည့် ကူညီပံ့ပိုးမှုများအပြင် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု အသိပညာပေး အစီအစဉ်များကိုပါ ပံ့ပိုးလျက်ရှိသည်။



ဒေသခံများကို စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးနှင့်ပတ်သက်၍ အသိပညာပေးခြင်း



လက်ပံတောကျေးရွာ၌ အမှိုက်သိမ်းဝန်ဆောင်မှုပြန်လည် စတင်ရန် တွေ့ဆုံဆွေးနွေးခြင်း

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း လက်ပံတောကျေးရွာ အုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ၊ ကျေးရွာစေတနာ့ဝန်ထမ်းတို့နှင့် တွေ့ဆုံ၍ လက်ပံတောကျေးရွာနေ အိမ်ထောင်စုများ၏ အမှိုက်သိမ်းဝန်ဆောင်မှုအပေါ် သဘောထားအမြင်ရလဒ်များကို အသိပေးတင်ပြခဲ့ရာ ကျေးရွာရပ်မိရပ်ဖများက ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ (၁၆) ရက်နေ့တွင် လက်ပံတောကျေးရွာ၌ အမှိုက်သိမ်းဝန်ဆောင်မှုပြန်လည်စတင်ရန် ဆုံးဖြတ်ခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်မြန်ကပ်ရောဂါ ကူးစက်ပြန့်ပွားမှု မြင့်မားသည့်ကာလအတွင်း ယာယီရပ်နားခဲ့သည့် Trash Hero Minbu အမှိုက်ကောက်သူရဲကောင်းအဖွဲ့၏ စုပေါင်းအမှိုက်ကောက်ခြင်း အစီအစဉ်များကို နိုဝင်ဘာလ (၁) ရက်နေ့တွင် ပြန်လည်စတင်ခဲ့သည်။ ၂၀၂၁-၂၀၂၂ Contract Year တတိယသုံးလပတ်ကာလ အတွင်း Trash Hero Minbu အမှိုက်ကောက်သူရဲကောင်းအဖွဲ့သည် ပေါက်ကုန်း၊ ကြာကန်၊ အေးမြ၊ အောက်ကျောင်း၊ မန်းကျိုး၊ လက်ပံတပင်နှင့် နန်းဦးကျေးရွာများ၌ စုပေါင်းအမှိုက်ကောက်ခဲ့ကြပြီး အမှိုက်ကောက်လှုပ်ရှားမှု (၆) ကြိမ်တွင် စုစုပေါင်း အမှိုက်ကီလို (၂၀၅) ကီလို ကောက်ယူသိမ်းဆည်းနိုင်ခဲ့သည်။ မန်းရေနံမြေ ဝန်းကျင်ဒေသသာယာလှပရေးအတွက် အမှိုက်ကောက်ယူသိမ်းဆည်းခြင်းလုပ်ငန်းများတွင် ဝိုင်းဝန်းအားဖြည့် ကူညီလျက်ရှိသည့် Trash Hero Minbu အမှိုက်ကောက်သူရဲကောင်းအဖွဲ့ကို MPRL E&P (CSR အစီအစဉ်) က လိုအပ်သည့် အကူအညီများလည်း ပံ့ပိုးလျက်ရှိသည်။ ■





TRASH HERO
MINBU

## *Trash Hero Minbu ၏ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုများ*







# တတိယသုံးလပတ်ကာလအတွင်း အကြံပြုစာ (၁၀) စောင်ရရှိ၊ အလေးထားဖြေရှင်းပေးခြင်းဖြင့် အောင်မြင်စွာပိတ်သိမ်းနိုင်ခဲ့



ကုမ္ပဏီနှင့်ဒေသခံများအကြား ကျေးရွာစေတနာ့ဝန်ထမ်းများ၏ ပေါင်းကူးဆောင်ရွက်ပေးမှုဖြင့် MPRL E&P ကုမ္ပဏီသည် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်ကို မန်းရေနံမြေတွင် ၂၀၁၄ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဆိုပါလုပ်ငန်းစဉ်ကြောင့်လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာတွင် ဒေသခံများနှင့် ကုမ္ပဏီတို့အကြား နှစ်ဦးနှစ်ဘက် ယုံကြည်မှု တည်ဆောက်နိုင်ပြီး ရေရှည်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နိုင်ရန် အထောက်အပံ့ဖြစ်စေခဲ့သည်။



၂၀၂၁-၂၀၂၂ Contract Year တတိယသုံးလပတ်အတွင်း မန်းရေနံမြေနှင့် ထိစပ်ကျေးရွာများဖြစ်သည့် မယ်ဘော့ကုန်း၊ ရွာသာ၊ ကြာကန်၊ မန်ကျီးချောင်းနှင့် မန်းကျိုးကျေးရွာများရှိ ဒေသခံများထံမှ ကုမ္ပဏီ၏ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက် (သို့မဟုတ်) သက်ရောက်မှု၊ နစ်နာမှုတစ်စုံတစ်ရာ ရှိကြောင်း ပေးပို့လာသော အကြံပြုစာလွှာ စုစုပေါင်း (၁၀) စောင် လက်ခံရရှိခဲ့ရာ ၂၀၁၄ ခုနှစ်မှ ယနေ့အထိ ပေးပို့လာသော အကြံပြုစာ အရေအတွက်စုစုပေါင်း (၁၅၃) စောင် ရှိပြီဖြစ်သည်။




တင်ပြလာသည့်ဖြစ်စဉ်များကို MOGE ၏ လျှပ်စစ်ဌာန၊ အင်ဂျင်နီယာဌာနနှင့် MPRL E&P ၏ မန်းရေနံမြေ စီမံခန့်ခွဲရေးအဖွဲ့ (Field Operations Team) တို့ပူးပေါင်း၍ စစ်ဆေး ပြုပြင်မှုများ ပြုလုပ်ခဲ့ပြီးနောက် MPRL E&P ၏ CSR အဖွဲ့က အကြံပြုလွှာများကို အောင်မြင်စွာ ပိတ်သိမ်းနိုင်ခဲ့သည်။ အဆိုပါ အကြံပြုဆွေးနွေးချက်များကို မိမိတို့အနေဖြင့် အလေးထား ဖြေရှင်းပေးခဲ့သည့်အတွက် အကြံပြုစာပေးပို့သူဘက်မှ ကျေနပ်မှု ရာနှုန်းပြည့် ရရှိခဲ့ခြင်းဖြစ်သည်။ ■






ဒေသခံများ၏အကြံပြုဆွေးနွေးချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးခြင်း




၂၀၁၄ ခုနှစ်မှ ယနေ့အထိ အကြံပြုစာစုစုပေါင်းနှင့် ဆိုင်းငံ့ဖြစ်ရပ်များ (၂၀၁၄ ခုနှစ်မှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ)




အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ အရေးကြီးစွမ်းဆောင်ရည်ပြအညွှန်းကိန်း (၂၀၁၄ ခုနှစ်မှ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအထိ)




၂၀၁၄ ခုနှစ်မှ ယနေ့အထိ လက်ခံရရှိသည့်အကြံပြုစာများနှင့် ဖြေရှင်းဆောင်ရွက်ပြီးစီးမှုများ



နမ္မဒါ Nammadar
မြန်မာ့ချည်အိတ်နှင့် ချည်ထည်
Myanmar Cotton Bags & Clothes
Products of Mann Field Communities
Contact Us:
Call : +95 9 683 305 257
Email : nammadar.culturalgifts@gmail.com
BUY LOCAL
SUPPORTING OUR COMMUNITY

## ပြန်ကြားဆက်သွယ်ခြင်းလုပ်ငန်းများအတွက် သတင်းလွှာ၊ စာစောင်နှင့် သုံးလပတ်အစီရင်ခံစာများ ထုတ်ဝေလျက်ရှိ



MPRL E&P CSR & Communications ဌာနသည် မန်းရေနံမြေဒေသ CSR လုပ်ငန်း ဆောင်ရွက်ချက်များ အတွက် ပြန်ကြားဆက်သွယ်ခြင်း လုပ်ငန်းကဏ္ဍတစ်ရပ် အနေဖြင့် ၂၀၂၁-၂၀၂၂ Contract Year အတွင်း သုံးလပတ် ကာလတစ်ခုစီအတွင်း ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်း တိုးတက်မှုအခြေအနေများ ပါဝင်သည့် တို့မန်းမြေ သတင်းလွှာ စာစောင်အမှတ် (၁) နှင့် စာစောင်အမှတ် (၂) တို့ကို ကုမ္ပဏီနှင့် ဆက်စပ်နှီးနွယ်သူများထံ အသိပေး ဖြန့်ဝေခဲ့ပြီး ကုမ္ပဏီဝက်ဘ်ဆိုဒ်နှင့် ဌာနတွင်း ဆက်သွယ် သည့် မီဒီယာများတွင် တင်ပြအစီရင်ခံခဲ့သည်။

မန်းရေနံမြေ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များနှင့် MPRL E&P ကုမ္ပဏီများအုပ်စု၏ တိုးတက်အောင်မြင် ဖြစ်ထွန်းမှု အခြေအနေများကို အင်္ဂလိပ်ဘာသာဖြင့် သုံးလ တစ်ကြိမ် ပုံမှန်စီစဉ် ထုတ်ဝေသည့် Insight! Newsletter တွင်လည်း အစီရင်ခံတင်ပြလျက်ရှိရာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ (၂၃) ရက်တွင် Insight! Newsletter စာစောင် အမှတ် (၂၉) ကို ထုတ်ဝေ၍ ကုမ္ပဏီဝက်ဘ်ဆိုဒ်နှင့် ဌာနတွင်းဆက်သွယ်သည့် မီဒီယာများတွင် အစီရင်ခံ တင်ပြခဲ့ပြီးဖြစ်သည်။


ထို့အပြင် ၂၀၂၁-၂၀၂၂ Contract Year ၏ တတိယ သုံးလပတ်ကာလအတွင်းတွင် ဆောင်ရွက်ပြီးစီးခဲ့သော CSR လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို မြန်မာ ဘာသာဖြင့် ထုတ်ဝေဖြန့်ချီခြင်း၊ ဒေသခံလူထုနှင့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ သုံးလပတ် အစီရင်ခံစာ နှင့် သက်ဆိုင်ရာဌာနအလိုက် သတင်းအချက်အလက် သစ်များကို ကုမ္ပဏီဝက်ဘ်ဆိုဒ်နှင့်ဌာနတွင်း ဆက်သွယ် သည့် မီဒီယာများတွင် တင်ပြခြင်းများ ပြုလုပ်ခဲ့သည်။ ■




*Insight! သတင်းလွှာ စာစောင်အမှတ် (၂၉) ကို ထုတ်ဝေဖြန့်ချီခြင်း*



*တို့မန်းမြေသတင်းလွှာ*
*စာစောင်အမှတ် (၁) နှင့် စာစောင်အမှတ် (၂) ကို*
*ထုတ်ဝေဖြန့်ချီခြင်း*




*၂၀၂၁-၂၀၂၂ Contract Year တတိယသုံးလပတ်*
*CSR လုပ်ငန်းဆောင်ရွက်ချက် အစီအရင်ခံစာ*







*တို့မန်းမြေသတင်းလွှာ စာစောင်အမှတ် (၁) နှင့် စာစောင်အမှတ် (၂) ကို လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများ သိရှိဖတ်ရှုနိုင်ရန် ဖြန့်ဝေခြင်း*

## မန်းရေနံမြေ၏ (၅၂) ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲအတွက် အလှူငွေ ထည့်ဝင်လှူဒါန်း

MPRL E&P သည် ၂၀၂၁ ခုနှစ် နိုဝင်ဘာလအတွင်း CSR အစီအစဉ်ဖြင့် မန်းရေနံမြေ၏ (၅၂) ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အခမ်းအနား ဖြစ်မြောက်ရေးအတွက် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(မန်းရေနံမြေ) တာဝန်ရှိသူများထံ အလှူငွေကျပ် (၁၀) သိန်းကို ထည့်ဝင်လှူဒါန်းခဲ့သည်။ ထို့အပြင် ဒီဇင်ဘာအတွင်း မန်းရေနံမြေဒေသရှိ ဘုန်းတော်ကြီးကျောင်း (၁၂) ကျောင်းသို့ ကထိန်သင်္ကန်း၊ ဆွမ်းဆန်နှင့် အခြားသော လှူဖွယ်ပစ္စည်းများကိုလည်း ဆပ်ကပ်လှူဒါန်းခဲ့သည်။ ■





မန်းရေနံမြေထိစပ်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်း (၁၂) ကျောင်းသို့ ကထိန်သင်္ကန်း၊ ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်း



မန်းရေနံမြေ၏ (၅၂) ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲဖြစ်မြောက်ရေးအတွက် အလှူငွေကျပ် (၁၀) သိန်း ထည့်ဝင်လှူဒါန်းခြင်း

စာမျက်နှာ-၇ မှ အဆက် ➤

ထို့ပြင် MPRL E&P (CSR အစီအစဉ်) ဖြင့် ဆောင်ရွက်လျက်ရှိသည့် တောင်သူသင်တန်းကျောင်းအစီအစဉ် (Farmer Field School Program) အတွက် စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး) မှ မြို့နယ်ဦးစီးမှူးနှင့်တွေ့ဆုံခဲ့ပြီး နေကြာမျိုးစေ့စမ်းသပ်ထုတ်လုပ်မှု (Sunflower Seeds Production Project) အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် ပေါင်းစပ်ပိုးမွှားစီမံခန့်ခွဲမှုအစီအစဉ် (Integrated Pest Management)၊ ဇီဝမြေသြဇာပြုလုပ်ခြင်း အစီအစဉ် (Biofertilizer) နှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးအစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။



စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး) မြို့နယ်ဦးစီးမှူးနှင့်တွေ့ဆုံခြင်း



ထို့အပြင် မြန်မာနိုင်ငံကြက်ခြေနီအသင်း (မင်းဘူး) မှ မြို့နယ်ဦးစီးမှူးနှင့်တွေ့ဆုံ၍ မန်းရေနံမြေ ဒေသခံများအား ရှေးဦးသူနာပြုစုနည်းသင်တန်းပို့ချနိုင်ရန် ဆွေးနွေးညှိနှိုင်းခဲ့သည်။



မြန်မာနိုင်ငံကြက်ခြေနီအသင်း (မင်းဘူး) မြို့နယ်ဦးစီးမှူးနှင့် တွေ့ဆုံခြင်း



၂၀၂၁-၂၀၂၂ Contract Year တတိယသုံးလပတ်ကာလအတွင်း MPRL E&P ကုမ္ပဏီ၏ CSR စီမံကိန်း နယ်မြေများသို့ မန်းရေနံမြေ အထွေထွေမန်နေဂျာ ဦးခွန်မျိုးသန့် လာရောက်လေ့လာမှု ခရီးစဉ်တွင်လည်း CSR ကွင်းဆင်းဝန်ထမ်းများက စီမံကိန်းတိုးတက်မှု အခြေအနေများကို လိုက်လံ ရှင်းပြတင်ပြခဲ့သည်။



မန်းရေနံမြေ အထွေထွေမန်နေဂျာက CSR လုပ်ငန်းတိုးတက်ဆောင်ရွက်မှုအခြေအနေများကို ကွင်းဆင်းလေ့လာခြင်း



CSR ကွင်းဆင်းဝန်ထမ်းများသည် မန်းရေနံမြေဒေသရှိ စာသင်ကျောင်း (၁၁) ကျောင်းမှ ကျောင်းအုပ်ကြီးများနှင့် သွားရောက်တွေ့ဆုံ၍ ဒေသခံများ၏ ကျောင်းတက်ရောက်မှုအခြေအနေလေ့လာခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန (မင်းဘူး) ၏ မြို့နယ်ဦးစီးမှူးနှင့် သွားရောက်တွေ့ဆုံ၍ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု မွမ်းမံသင်တန်း ဖွင့်လှစ်နိုင်ရေးအတွက် သင်တန်းဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကို ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ■

# အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် မန်းရေနံမြေဒေသ ဥယျာဉ်ခြံစိုက်ခင်းများ

CSR လုပ်ငန်း အဖွဲ့ဝင်များသည် မန်းကျိုး၊ ကျွဲချနှင့် ချင်တောင်ကျေးရွာများရှိ ခရမ်းချဉ်စိုက်ခင်း (၁၈) ခင်းသို့ နိုဝင်ဘာလအတွင်း ကွင်းဆင်းလေ့လာမှုများ ပြုလုပ်ခဲ့ရာ ကျွဲချနှင့် ချင်တောင်ကျေးရွာများရှိ ခရမ်းချဉ်စိုက်ခင်းများသည် ခူးဆွတ်ဆဲ အခြေအနေတွင်ရှိပြီး မန်းကျိုးကျေးရွာရှိ ခရမ်းချဉ်စိုက်ခင်းများသည် ပွင့်သီးဆဲ အခြေအနေတွင်ရှိကြောင်း သိရသည်။

ထို့အပြင် CSR လုပ်ငန်း အဖွဲ့ဝင်များသည် ကျွဲချကျေးရွာရှိ မှိုစံပြစိုက်ခင်းသို့လည်း သွားရောက်လေ့လာခဲ့ရာ အဆိုပါ စိုက်ခင်းမှ မှိုမျိုးစေ့ထုပ် အထုပ် (၃၀၀) ထွက်ရှိပြီး တစ်နေ့လျှင် မှိုပိဿာချိန် ၂ ပိဿာခန့် ထွက်ရှိကြောင်း သိရသည်။

ထို့အတူ ဒီဇင်ဘာလတွင်လည်း မန်းကျိုး၊ ကျွဲချနှင့် ချင်တောင်ကျေးရွာများရှိ ခရမ်းချဉ်၊ ငရုတ်နှင့် မှိုစိုက်ခင်းများသို့ သွားရောက်၍ စိုက်ပျိုးတိုးတက်မှု အခြေအနေများကို လေ့လာခဲ့ရာ ခူးဆွတ်ပြီးသော ခရမ်းချဉ်သီး ပိဿာချိန်မှာ (၂၂,၃၀၀) ပိဿာ ရှိကြောင်း၊ မန်းရေနံမြေဒေသထွက် ခရမ်းချဉ်သီးများသည် ဈေးကွက်ဝင် သီးနှံအဖြစ် လူကြိုက်များပြီး ဒီဇင်ဘာလ ပေါက်ဈေးအဖြစ် ခရမ်းချဉ်တစ်ပိဿာလျှင် ကျပ် ၂,၂၀၀/ ခန့် ရောင်းချရကြောင်း သိရသည်။ ■

## သီးနှံတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်မှုအတွက် ခရမ်းချဉ်စိုက်တောင်သူများ၏ စကားသံများ



ဒေါ်မာမာအေး (မန်းကျိုး)

"ကျွန်မမှာ ခရမ်းချဉ်စိုက်ခင်း ဧကဝက်လောက် (၀.၄၅ ဧက) ရှိပါတယ်။ MPRL E&P (CSR အစီအစဉ်) ကနေ ပံ့ပိုးပေးတဲ့ခရမ်းချဉ် စိုက်ပျိုးနည်းက မိရိုးဖလာ စိုက်ပျိုးနည်းထက် စစိုက်တဲ့အချိန်မှာ ကုန်ကျစရိတ်များပေမယ့် ရေရှည်မှာတော့ ရေတင်ရတဲ့ အကြိမ်ရေ လျော့တယ်။ ပေါင်းထိုးခသက်သာတယ်။ ပိုးမွှားကျရောက်မှုနည်းလို့ ပိုးသတ်ဆေးဖျန်းရတာလည်းနည်းတယ်။ အခုဆို ဒီခရမ်းချဉ်စိုက်ခင်းကနေ အမြတ်ငွေ (၁၀) သိန်းလောက်တော့ ရနေပါပြီ။ ခူးဖို့ ခရမ်းချဉ်သီးတွေ ကျန်နေသေးတယ်။ ရွာထဲမှာဆို ကျွန်မတို့စိုက်ပျိုးတဲ့ပုံတွေကိုကြည့်ပြီး ဒီလိုနည်းစနစ်နဲ့ စိုက်ပျိုးလာတဲ့တောင်သူ (၁၀) ဦး လောက်ရှိနေပြီရှင့်။"



ဦးအောင်မြင့်စန်း (မန်းကျိုး)

"ကျွန်တော်လည်း MPRL E&P (CSR အစီအစဉ်) က သင်တန်းပေးတဲ့ နည်းစနစ်နဲ့ ၂၀၁၉ ကတည်းက ခရမ်းချဉ်စိုက်လိုက်တာ ခုချိန်ထိပါပဲ။ မြေ (၀.၅၅) ဧက ပဲရှိလို့ ထပ်တိုးစိုက်ချင်ပေမယ့် မြေနေရာမရှိဘူး ဖြစ်နေတယ်။ ကုမ္ပဏီကပေးတဲ့ နည်းစနစ်နဲ့ စိုက်ပျိုးတော့သီးနှံအထွက်နှုန်းများတယ်။ သီးနှံခူးဆွတ်ချိန်ကြာတယ်။ အပင်သက်တမ်းရှည်တယ်။ ကျွန်တော့်ခရမ်းချဉ်စိုက်ခင်း ကနေ အမြတ်ငွေ သိန်း (၂၀) လောက်တော့ ရနေပါပြီ။ စိုက်ခင်းထဲမှာခူးဖို့ ခရမ်းချဉ်သီးတွေကျန်သေးတယ်။ အခုလို ထောက်ပံ့ပေးတာကို ကျေးဇူးတင်တယ်ဗျာ။ အရင်က မစိုက်ပျိုးနိုင်တဲ့ သူတွေလည်း စိုက်ပျိုးလာနိုင်နေပြီ။ နောက်နှစ်တွေမှာလည်း ဒီလိုနည်းစနစ်တကျစိုက်ပျိုးချင်တဲ့ တောင်သူတွေကို ဆက်ပြီး ပံ့ပိုးပေးပါဦးဗျာ။"



ဦးထွန်းလှအောင် (မန်းကျိုး)

"၂၀၁၉ ခုနှစ်ကတည်းက MPRL E&P (CSR အစီအစဉ်) ကနေ သင်တန်းပေးတဲ့ နည်းစနစ်နဲ့ ခရမ်းချဉ်စိုက်ပျိုးလာတာ အခုချိန်အထိပါပဲ။ အခုထိဆိုရင် ခရမ်းချဉ်စိုက်ခင်းကနေရတဲ့ အမြတ်ငွေက (၂၇) သိန်း ဝန်းကျင်လောက် ရှိပါပြီ။ ဆက်ခူးဖို့ ခရမ်းချဉ်သီးတွေလည်း ကျန်သေးတဲ့ဗျ။ ကျွန်တော်တို့တောင်သူတွေကို အခုလို ပံ့ပိုးပေးတာကိုကျေးဇူးတင်ပါတယ်။ နောက်နှစ်တွေမှာလည်း ဒီလိုနည်းနဲ့ စနစ်တကျစိုက်ပျိုးချင်တဲ့ တောင်သူတွေကို ဒီလိုပဲဆက်ပြီး ပံ့ပိုးပေးစေချင်ပါတယ်ဗျာ။"



မျက်နှာဖုံးမှ အဆက် ➤

MPRL E&P (CSR အစီအစဉ်) ဖြင့် အရည်အသွေးပြည့် နေကြာမျိုးစေ့များကို ဒေသတွင်း၌ပင် အလွယ်တကူ စိုက်ပျိုးထုတ်လုပ်နိုင်ပြီး ထုတ်လုပ်မှု ပိုမို အားကောင်းလာစေရန် ကျွဲချကျေးရွာရှိ တောင်သူဦးသိန်းနိုင်၏ နေကြာစိုက်ကွက် (၂.၅) ဧကကို ရေဆင်း-၁ စပ်မျိုးနေကြာမျိုးစေ့စမ်းသပ်ထုတ်လုပ်နိုင်ရန် ရည်ရွယ် စိုက်ပျိုးခဲ့သည်။

အဆိုပါ စိုက်ခင်းရှိ နေကြာပင်များ စိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး) ၏ ကွင်းဆင်းဝန်ထမ်းများနှင့်အတူ MPRL E&P ၏ CSR ကွင်းဆင်းဝန်ထမ်းများက အပတ်စဉ် ကွင်းဆင်းလေ့လာကာ စိုက်ပျိုးရေးနည်းပညာအကူအညီများနှင့် အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ခဲ့ပြီး လိုအပ်သည့် စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများကို ပံ့ပိုးကူညီခဲ့သည်။

လူအကူအညီဖြင့် နေကြာဝတ်မှုန်ကူးခြင်း၏အားသာချက်နှင့်အကျိုးကျေးဇူးများကို အဆိုပါ သရုပ်ပြအစီအစဉ်သို့ တက်ရောက်လာသည့် တောင်သူများ လေ့လာသိရှိခွင့်ရရှိခဲ့ပြီး နေကြာဝတ်မှုန်ကူးခြင်းကို လက်တွေ့လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့သည်။ အလားတူ တောင်သူများသိရှိလိုသည့် စိုက်ပျိုးရေးဆိုင်ရာမေးခွန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

သမားရိုးကျ ဝတ်မှုန်ကူးခြင်းဖြင့်သာ စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် မန်းရေနံမြေဒေသခံ တောင်သူများအတွက် လူအကူအညီဖြင့် ပန်းပွင့်ဝတ်မှုန်ကူးခြင်း အစီအစဉ်ကို MPRL E&P က မင်းဘူးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ အကူအညီဖြင့် စတင်မိတ်ဆက်ခြင်းဖြစ်သည်။ တောင်သူဦးသိန်းနိုင်၏ စမ်းသပ်စိုက်ကွက် Pilot Project အောင်မြင်ပါက နောင်လာမည့် စိုက်ပျိုးရာသီများတွင် ယခုထက် ပိုမို၍ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းသွားမည် ဖြစ်သည်။ ■